# သတင်းထုတ်ပြန်ချက်

နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Comprehensive Nuclear-Test-Ban Treaty) ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှုအလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့ (Comprehensive Nuclear-Test-Ban Treaty Organization) နှင့် ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးတို့ပူးပေါင်း၍ နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ ယနေ့ နံနက် ၀၉း၀၀ နာရီမှ စတင်၍ (၂) ရက်ကြာ ကျင်းပပြုလုပ်လျက်ရှိပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် မှ အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Mr. Nicholas Coppel နှင့် သံအရာရှိများ၊ နျူကလီးယားလက်နက် စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြပါသည်။

နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှုအလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံမှ ၁၉၉၆ ခုနှစ်က လက်မှတ်ရေးထိုးထားပြီးဖြစ်ပြီး အတည်ပြုပါဝင်နိုင်ရန် လေ့လာဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် ယင်းစာချုပ်ပါ ကတိကဝတ်များ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ စသည်တို့ကို ပိုမိုနားလည်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် လ ၇ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်